# ၄။ခရမ်းချဉ် ရွက်ထွင်းပိုး

**Tomato leafminer*: Phthorimaea absoluta* (Meyrick, 1917)/ *Tuta absoluta* (Meyrick, 1917)**

**Lepidoptera :Gelechiidae**

## ဖျက်ကောင်ပုံသဏ္ဍာန်များ




အရွယ်ရောက်လောက်ကောင်သည်ကျောဘက်ပိုင်းတွင်ဒိုင်းပုံသဏ္ဌာန်အမှတ်အသားပါရှိပြီး ပန်းရောင်ဖြစ်သည်။အကောင်ကြီးသည်(၁၀)မီလီမီတာရှည်ပြီးမီးခိုးငွေရောင်အကြေးများဖြင့်ဖုံး အုပ်ထားသည်။

## ဖျက်ဆီးပုံလက္ခဏာများ




ထင်ရှားသောလက္ခဏာမှာအကွက်ပုံလိုဏ်ခေါင်းများအားအရွက်များတွင်တွေ့ရသည်။လောက်ကောင်များသည်အရွက်နှင့်ပင်စည်အားပိုမိုနှစ်သက်သော်လည်းအသီးနှင့်အသီးအတွင်းတွင် လည်းတွေ့ရတတ်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၅–၇)** ရက် |
| လောက်ကောင်အဆင့် | **– (၂၀)** ရက် |
| ရုပ်ဖုံး အဆင့် | **– (၉ – ၁၃)** ရက် |
| အကောင်ကြီးအဆင့် | –(၁၈–၂၈)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ထယ်နက်နက်ထိုးပါ။

(၂)သီးလှည့်စိုက်ပါ။

(၃)လောက်ကောင်နှင့်ရုပ်ဖုံးများသေစေရန်မြေလှပ်ပါ။

(၄)အလင်းရောင်ထောင်ချောက်အသုံးပြု၍ဖလံများအားဖမ်းယူပါ။

(၅)ဘက်တီးရီးယား(*Bacillus thuringiensis*) နှင့် မှို (*Beauveria bassiana*) အသုံးပြုနှိမ်နင်းပါ။

(၆)ထီရိုမုန်းထောင်ချောက်များအသုံးပြု၍ဖလံထီးများအားဖမ်းယူပါ။

(၇) ထိသေ၊ စားသေ(သို့)ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ရိုမက်ဇင်း )Cyromazine)
- လူဖီညူရွန်(Lufenuron)
- ကလိုဖန်နာပြာ (chlorfenapyr)
- စပီနိုဆက်(Spinisad)
- မီသိုဇိုင်ဖီနိုဇိုက် (Methoxyfenozide)

- လန်မ်ဒါဆိုင်ဟောလိုသရင်(Lambda–cyhalothrin)